## နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

**၁။ ပုထုဇ္ဇနော-ကို သန္ဓိရုပ်အကျဉ်း, ဩရသော-ကို နာမ်ရုပ်အကျဉ်းတွက်ပြ၍၊ နာယတိ- ကိုလည်း ဓာတ်, ပစ္စည်း, ဝိဘတ် ဝေဘန်ပြပါ။**

**သန္ဓိရုပ်**- ပုထ+ ဇနော တည်၊ ပုထဿု ဗျဥ္ဇနေ- ဖြင့် ပုထ၏ အဆုံး အ- ကို ဥ- ပြု၊ ဇ- ၏ သဒိသဒွေဘော် ဇ- လာ၊ ပုထုဇ္ဇနော- ပြီး၏။

**နာမ်ရုပ်**- ဩရတည်၊ သ္မာ-ဝိဘတ်သက်၊ ဒီဃောရေဟိ-ဖြင့် သ္မာ-ကို သော-ပြု၊ ဩရသော-ပြီး၏။

**နာယတိ**- ဉာ ဓာတ်၊ နာ ပစ္စည်း၊ တိ ဝိဘတ်၊

**၂။အောက်ပါတို့ကို မှန်ကန်စွာ ဖြေဆိုပါ။**

**(က) ပစေဿတိ-ကို ပုဒ်ဖြတ်၊ (ခ) ပရိ+ ဧသနာ- ကို ပုဒ်စပ်၊**

**(ဂ) နာယတိ၊ နယတိ- တို့ကို ဓာတ်, ပစ္စည်း, ဝိဘတ်၊**

**(ဃ) သိယာ- ကို အာချာတ်ရုပ်ကျဉ်း။**

(က) ဝိစေဿတိ ဟု ပုဒ်ဖြတ်။ (ခ) ပရိယေသနာ ဟု ပုဒ်စပ်။

(ဂ) **နာယတိ**- ဉာ ဓာတ်၊ နာ ပစ္စည်း၊ တိ ဝိဘတ်၊

**နယတိ**- နီ ဓာတ်၊ အ ပစ္စည်း၊ တိ ဝိဘတ်၊

(ဃ) အသ တည်၊ အသ- ဘုဝိ၊ ဓာတ်အမည်မှည့်၊ ဓာတွန် အ- ကိုချေ၊ ဃေျ ဝိဘတ်သက်၊ ဘူဝါဒိတော အ- ဖြင့် အ- ပစ္စည်းသက်၊ လောပဥ္စေတ္တမကာရော- ဖြင့် အ-ပစ္စည်း ကိုချေ၊ သဗ္ဗတ္ထာသဿာဒိလောပေါ စ-ဖြင့် အစ အ-ကိုချေ၊ ကွစိ ဓာတုစသော သုတ်ကြီးဖြင့် ဃေျ- ကို ဣယာ- ပြု၊ ကပ်၊ သိယာ- ပြီး၏။

**၃။ အောက်ပါ (က၊ ခ)တို့ကို ပုဒ်ဖြတ်၍၊ (ဂ၊ ဃ)တို့ကို ဓာတ်+ ပစ္စည်း+ ဝိဘတ် ခွဲပြပြီးလျှင်၊ (င)ကို သန္ဓိရုပ် ၂– နည်း တွက်ပြခဲ့ပါ။**

**(က) မျာယံ၊ (ခ) သမ္မာခမ္မံ၊ (ဂ) ပစ္စတေ၊ (ဃ) လဗ္ဘတေ၊ (င) သုဂတော၊**

(က) မေ+အယံ ဟုပုဒ်ဖြတ်။

(ခ) သမ္မ+ ခမ္မံ ဟုပုဒ်ဖြတ်။

(ဂ) ပစ ဓာတ်၊ ယ ပစ္စည်း၊ တေ ဝိဘတ်။

(ဃ) လဘ ဓာတ်၊ ယ ပစ္စည်း၊ တေ ဝိဘတ်။

(င) သုဂဒေါ- တည်၊ တော ဒဿ- ဟူသော သုတ္တဝိဘာဂဖြင့် ဒ- ကို တ-ပြု၊ ပြီး၏။ (တစ်နည်း) သုဂဒေါတည်၊ ယဝမဒန- စသော သုတ်၌ စသဒ္ဒါဖြင့် ဒ- ကို တ- ပြု၊ ပြီး၏။

**၄။ တုဝံသတ္တာ–၌ တုဝံ၊ တုဝံမညေ–၌ တုဝံ– တို့ကို နာမ်ရုပ်အသီးသီး တွက်ပြပြီးလျှင်၊ အဃောရဿ မေကဝစန ယောသွ ပိ စ– သုတ်ကိုလည်း ပုဒ်ဖြတ်ပြခဲ့ပါ။**

တုမှ တည်၊ သိ သက်၊ တွမဟံ သိမှိ စ- သုတ်၌ စ- ဖြင့် ဝိဘတ်နှင့်တကွ တုမှ- ကို တုဝံ- ပြု၊ တုဝံ- ပြီး၏။

တုမှ တည်၊ အံ သက်၊ တုမှဿ တုဝံတွမံမှိ– ဖြင့် ဝိဘတ်နှင့်တကွ တုမှ- ကို တုဝံ-ပြု၊ တုဝံ- ပြီး၏။

**ပုဒ်ဖြတ်** အဃော ရဿံ+ ဧကဝစန + ယောသု+ အပိ + စ။

**၅။ သုဂတော– ကို သန္ဓိရုပ်ကျဉ်း ၂–နည်း တွက်ပြ၍၊ အောက်ပါ**

**(က)ကို ပုဒ်ဖြတ်ပြ၍၊ (ခ)ကို ဓာတု+ ပစ္စယ ဝေဘန်ပြပါ။**

**(က) စာတုရိတ္တိယော၊(ခ)ဟဉ္ဇော။**

သုဂတော ရုပ် ၂-နည်း ၊( ဖြေပြီး )

(က) စာတုရာ+ ဣတ္ထိယော၊

(ခ) ဟံသ ဓာတ်+ တ ပစ္စည်း။

**၆။အောက်ပါတို့တွင် (က)ကို သန္ဓိရုပ်၊ (ခ)ကို နာမ်ရုပ်အကျဉ်းတွက်ပြ၍၊ (ဂ)ကို ဓာတ်– ဝိဘတ်တို့ဖြင့် ဝေဘန်ပြခဲ့ပါ။**

**(က) ဗျဂ္ဂံ၊ (ခ) ဇန္တုနော၊ (ဂ) ဟောတိ၊ အလတ္ထ။**

(က) ဝိ+ အဂ္ဂ တည်၊ ဣဝဏ္ဏော ယံ နဝါ-ဖြင့် ဣ- ကို ယ-ပြု၊ ယ- ကို အ- သို့ ကပ်၊ ဒေါ ဓဿ စ- သုတ်၌ စသဒ္ဒါဖြင့် ဝ- ကို ဗ- ပြု၊ ကပ်၊ ဗျဂ္ဂံ- ပြီး၏။

(ခ) ဇန္တု တည်၊ ယော သက်၊ လတော ဝေါကာရော စ-၌ ကာရ သဒ္ဒါပိုဖြင့် ယော- ကို နော-ပြု၊ ဇန္တုနော- ပြီး၏။

(ဂ) **ဟောတိ**- ဟူ ဓာတ်၊ ဿတိ ဝိဘတ်။ **အလတ္ထ–** လဘ ဓာတ်၊ ဤ ဝိဘတ်။

**၇။ သဒ္ဒါ– ဟူသော ပြယုဂ်ကို နာမ်ရုပ်ကျဉ်းတွက်ပြပြီး၊ (က) ဂန္ထဗ္ဗော၊ အတြဇော– ကို ပုဒ်ဖြတ် ၍၊ (ခ) ဇင်္ဃမတိ– ကို ဓာတ်, ပစ္စည်း, ဝိဘတ်၊ (ဂ) ဇိနော– ကို ဓာတ်, ပစ္စည်း, သာဓန ခွဲပြခဲ့ပါ။**

သဗ္ဗတည်၊ ကိံသဗ္ဗညေကယကုဟိ ဒါဒါစနံ-ဖြင့် ဒါ-ပစ္စည်းသက်၊ တ္တာဒယော ဝိဘတ္တိ သညာယော- ဖြင့် သတ္တမီဝိဘတ်အမည်မှည့်၊ သဗ္ဗဿ သော ဒါမှိ ဝါ- ဖြင့် သဗ္ဗ- ကို သ- ပြု၊ သဒါ- ပြီး၏။

(က) **ဂန္ထဗ္ဗော**- ဂန္တဗ္ဗော၊ **အတြဇော**- အတ္တဇော။

(ခ) ဂမု ဓာတ်၊ အ ပစ္စည်း၊ တိ ဝိဘတ်။

(ဂ) ဇိ ဓာတ်၊ ဣန ပစ္စည်း။ ကတ္တုသာဓန၊

**၈။အောက်ဖော်ပြပါတို့တွင် (က)ကို ပုဒ်ဖြတ်၊ (ခ)ကို သန္ဓိရုပ်ကျဉ်း၊ (ဂ)ကို နာမ်ရုပ်ကျဉ်း၊ (ဃ)ကို ဓာတ်, ပစ္စည်း, ဝိဘတ်၊ (င) ကို ဓာတ်, ပစ္စည်း ခွဲခြားပြခဲ့ပါ။**

**(က) သွဿ၊ သသီလဝါ၊ (ခ) ပုဂ္ဂလံ၊ (ဂ) ဇန္တုနော၊**

**(ဃ) ဒမ္မတော၊ ဇာနေယျ၊ (င) ဓမ္မော၊ ဘိက္ခု၊**

(က) **သွဿ**- သော+အဿ၊ **သ သီလဝါ**- သော+ သီလဝါ။

(ခ) ပုဂ္ဂ+ အံ တည်၊ ဝဂ္ဂန္တ ဝါ ဝဂ္ဂေ-၌ ဝါသဒ္ဒါဖြင့် နိဂ္ဂဟိတ်ကို လ-ပြု ကပ်၊ ပုဂ္ဂလံ- ပြီး၏။

(ဂ) ( ဖြေပြီး)

(ဃ**) ဒမ္မတော**- ဒမု ဓာတ်၊ ယ ပစ္စည်း၊ တော ဝိဘတ်။

**ဇာနေယျ–** ဉာဓာတ်၊ နာ ပစ္စည်း၊ ဧယျ ဝိဘတ်။

(င**) ဓမ္မော**- ဓရ ဓာတ်၊ ရမ္မ ပစ္စည်း။ **ဘိက္ခု**- ဘိက္ခ ဓာတ်၊ ရူ ပစ္စည်း။

**၉။ အောက်ပါ (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ပုဒ်စပ်၊ (ဂ)ကိုလည်း သန္ဓိရုပ်ကျဉ်း တွက်ပြပါ။**

**(က) ယဿွာတိဟ၊ တေိမာသမိ၊ (ခ) ပဿထ+ ဣမံ၊ သတ္တုနံ+ အတ္တံ+ စ၊(ဂ) မနုညံ။**

(က) ယဿွာတိဟ- ယဿွာ+ ဣဟ၊

တေိမာသမိ- တော+ ဣမာသံ+ ဣ။

(ခ) ပဿထိမံ၊ သတ္တုနတ္တဥ္စ။

(ဂ) မနော+ အညံ တည်၊ ပုထဿု ဗုဒ္ဓနေသု- ၌ အန္တသဒ္ဒါဖြင့် အဆုံး ဩ- ကို ဥ- ပြု၊ ဝါ ပရော အသရူပါ- ဖြင့် နောက် အ- သရကို ချေ၊ မနုညံ- ပြီး၏။

**၁၀။အောက်ဖော်ပြပါတို့တွင် (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ပုဒ်စပ်၊ (ဂ)ကို ဓာတု+ ပစ္စယ+ ဝိဘတ္တိ၊ (ဃ)ကို ကိတ်ဝိဂ္ဂဟ ပြုပြီးလျှင်၊ ကမ္မုနာ–ကို သမ္မာ–ဝိဘတ်ဖြင့် နာမ်ရုပ်အကျဉ်းတွက်ပြပါ။**

**(က) တဗ္ဗိပရိတူပပဒေ ဗျဉ္ဇနေ စ၊ ယဇဿာဒိဿိ၊**

**(ခ) အဓိ+ ဣဏာမုဒ္ဒေသော၊ ဇဝံ+ ဣမံ၊ (ဂ) သိယာ၊ နာယတိ၊ (ဃ)ဇိနော။**

(က) တ+ ဝိပရီတော+ ဥပပဒေ +ဗျဉ္ဇနေ+ စ။

ယဇဿ+ အာဒိဿ+ဣ။

(ခ) အဓျိဏာမုဒ္ဒေသော၊ ဇဝမံ။

(ဂ) **သိယာ**- အသ ဓာတ်၊ အ ပစ္စည်း၊ ဧယျ ဝိဘတ်။

**နာယတိ–** ဉာ ဓာတ်၊ နာ ပစ္စည်း၊ တိ ဝိဘတ်။

(ဃ) ပါပကေ အကုသလေ ဓမ္မေ ဇိနာတိ အဇိနိ ဇိနိဿတီတိ ဇိနော။

**နာမ်ရုပ်ကျဉ်း**- ကမ္မ တည်၊ သမ္မာ သက်၊ ဟိဝိဘတ္တိမှိ စ- သုတ်၌ စသဒ္ဒါဖြင့် ကမ္မ၏ အဆုံး အ- ကို ဥ-ပြု ၊လ အမည်မှည့်၊ ဈလတော စ- ဖြင့် သမ္မာ- ကို နာ-ပြု၊ ကမ္မုနာ- ပြီး၏။

**၁၁။အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ပုဒ်စပ်၊ (ဂ)ကို နာမ်ရုပ်ကျဉ်းတွက်ပြီးလျှင် (ဃ)ကို ဓာတ်+ ပစ္စည်း+ ဝိဘတ် ခွဲခြားပြပါ။**

**(က) ကိံသူဓ၊ (ခ) ပါတု+ အကာသိ၊ (ဂ) သာ၊ (ဃ) အက္ကောန္တိ၊**

(က) ကိံသု+ ဣဓ၊ (ခ) ပါတွာကာသိ။

(ဂ) တ တည်၊ က္လတ္တိယမတော အာပစ္စယော- ဖြင့် အာ- ပစ္စည်းသက်၊ ခွင်း၊ ချေ၊ ကပ်၊ နာမ်ငဲ့၊ သိ သက်၊ တေတောသံ တော- ဖြင့် တ- ကို သ-ပြု၊ သိ- ချေ၊ သာ- ပြီး၏။

(ဃ) အာ ရှေးရှိသော ကုသ ဓာတ်၊ အ ပစ္စည်း၊ ဤ ဝိဘတ်။

**၁၂။အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ်၍၊ (ခ)ကို အာချာတ်ရုပ် အကျဉ်းတွက်ပြီးလျှင်၊ (ဂ)ကို ဓာတု, ပစ္စယ ဝေဖန်ပြခဲ့ပါ။**

**(က) သေသေသု န္တုဝ၊ (ခ) ဇယတိ၊ (ဂ) ကိစ္စံ၊ အာဒိ။**

(က) သေသေသု + န္တု+ က္လဝ။

(ခ) ဇိ တည်၊ ဇိ- ဇယေ၊ ဓာတ်အမည်မှည့်၊ ဓာတွန်မချေစေရ၊ တိ သက်၊ အ ပစ္စည်း သက်၊ အညေသု စ- ဖြင့် က္လ- ကို ဇ- ဝုဒ္ဓိပြု၊ ဧ အယ- ဖြင့် ဧ- ကို အယ- ပြု ကပ်၊ ဇယတိ-ပြီး၏။

(ဂ) **ကိစ္စံ–** ကရဓာတ်၊ ရိစ္စ ပစ္စည်း၊

**အာဒိ–** အာ ပုဗ္ဗ ဒါ ဓာတ်၊ က္လ ပစ္စည်း။

**၁၃။အဂ္ဂါဂါရံ– ကို သန္ဓိရုပ်, နာမ်ရုပ် ရုပ်ကျဉ်းတွက်ပြ၍၊ အောက်ပါတို့တွင် (က)ကို ဓာတ်+ ပစ္စည်း+ ဝိဘတ်၊ (ခ)ကို အာချာတ်ရုပ်ကျဉ်းတွက်ပြ၍၊ ဒွိဓ္ဓော,သန္ဓိတို့ကိုလည်း ဓာတ်+ ပစ္စည်း ဝေဘန်ပြခဲ့ပါ။**

**(က) နာယတိ၊ (ခ) ဃေပ္ပတိ**

**သန္ဓိရုပ်**- အဂ္ဂိ+ အာဂါရံ ပုဒ်ဖြတ်၊ က္လဝဏ္ဏော ယံ နဝါ-ဖြင့် က္လ- ကို ယ-ပြု၊ ယ- ကို အာ- သို့ ကပ်၊ ဂ္ဂ- ကို ယာ-သို့ကပ်၊ ဗျဥ္ဇနော စ ဝိသညောဂေါ- သုတ်၌ စ သဒ္ဒါဖြင့် ဗျည်းသုံးလုံးတို့တွင် အစဗျည်းတစ်လုံးကို ချေ၊ အဂျာဂါရံ- ပြီး၏။

**နာမ်ရုပ်**- အဂ္ဂိ အာဂါရံ တည်၊ ဈ အမည်မှည့်၊ ယဝကာရာ စ-ဖြင့် ဣ- ကို ယ-ပြု၊ ကပ်၊ ဗျဉ္ဇနော စ ဝိသညောဂေါ- သုတ်၌ စသဒ္ဒါဖြင့် ဗျည်းသုံးလုံးတို့တွင် အစဗျည်း တစ်လုံးကို ချေ၊ အဂျာဂါရံ- ပြီး၏။

(က) ဉာ ဓာတ်+ အ ပစ္စည်း+ တိ ဝိဘတ်။

(ခ) ဂဟ တည်၊ ဂဟ ဥပါဒါနေ၊ ဓာတ်အမည်မှည့်၊ ဓာတွန်ချေ၊ တိ ဝိဘတ် သက်၊ ဂဟာဒိတော ပ္ပဏှာ- သုတ်ဖြင့် ပ္ပ- ပစ္စည်းသက်၊ ဂဟဿ ဃေ ပ္ပေ– ဖြင့် ဂဟ- ကို ဃေ- ပြု၊ ဃေပ္ပတိ- ပြီး၏။

**ဒိဋ္ဌော–** ဒိသ ဓာတ်၊ တ ပစ္စည်း။ **သန္ဓိ–** သံ ပုဗ္ဗ ဓာ ဓာတ်၊ ဣ ပစ္စည်း၊

**၁၄။အောက်ပါ (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ပုဒ်စပ်၊ (ဂ)ကို ဓာတ်+ ပစ္စည်း+ ဝိဘတ် အသီးသီး ဝေဘန်ပြခဲ့ပါ။**

**(က) န တိမေဟိ ကတာကာရေဟိ၊ (ခ) ဘ+ ထွော၊ (ဂ) သိယာ။**

(က) နတ+ ဣမေဟိ+ ကတ+ အကာရေဟိ။

(ခ) ဘဏ္ဍော၊

(ဂ) အသ ဓာတ်၊ အ ပစ္စည်း၊ ဧယျ ဝိဘတ်။

**၁၅။အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ပုဒ်စပ်၊ (ဂ)ကို ဓာတ်, ပစ္စည်း, ဝိဘတ်၊ (ဃ)ကို ဓာတ်, ပစ္စည်း။ (င)ကို ဖြစ်နိုင်သမျှ နာမ်ရုပ်အကျဉ်း တွက်ပြပါ။**

**(က)၊စန္ဓော (ခ)ဆ+ရတ္တံ၊**

**(ဂ)နိဓေ၊ (ဃ)ဥပါဒိ၊ (င)ဝေါ။**

(က) စ+ အန္ဓော၊ (ခ) ဆာရတ္တံ။

(ဂ) နိရှေးရှိသော ဓာ ဓာတ်၊ အ ပစ္စည်း၊ တိ ဝိဘတ်။

(မိ, တု, ဧယျ, ဧယျာသိ, ဧယျာမိ, ဧယျုံ ဝိဘတ်။ )

(ဃ) ဥပ ရှေး အာရှေးရှိသော ဒါ ဓာတ်၊ ဏ္ဍ ပစ္စည်း။

(င) တုမှ တည်၊ ဒုတိယာ ယော (စတုတ္ထီ, ဆဋ္ဌီ နံ) သက်၊ ပဒတော ဒုတိယာ-စသော သုတ်ဖြင့် ဝိဘတ်နှင့် တကွ တုမှ- ကို ဝေါ- ပြု၊ ပြီး၏။

တတိယာ ဟိသက် ဗဟုဝစနေသု ဝေါနော-ဖြင့်ဝေါပြု၊

ပထမာယော- သက် ဗဟုဝစနေသု ဝေါနော-၌ ဗဟုဝစနသဒ္ဒါပိုဖြင့် ဝေါပြု ပြီး၏။

**ဆောင်– ယော, နံ, တ ဟိ၊ ရှေးရှိတုမှ၊ အမှ တစ်ဖြာ၊ ပုဒ်နောင်လာ၊ ဝိ– ပ ါ ဝေါ, နောပြု။** (သဒ္ဒါလက်ဆောင်)

**၁၆။အောက်ပါတို့ကို တိကျမှန်ကန်စွာ ဖြေဆိုပါ။**

**(က) ဇေ၀ံသ– ကို ပုဒ်ဖြတ်၊ (ခ) အနေန– ကို နာမ်ရုပ်ကျဉ်းတွက်၊ (ဂ) အသိ– ကို ဓာတ်+ ပစ္စည်း+ ဝိဘတ်၊ (ဃ) သန္ဓိ– ကို ဓာတ်+ ပစ္စည်းတို့ဖြင့် ဝေဖန်ပြ၍၊ ကရောတု ကုသလံ–၌ ကုသလ– လိင်နောင် ပထမာ၊ ဒုတိယာ၊ တတိယာ ဝိဘတ်တို့ဖြင့် ဂိုဏ်း စဉ်ပြပါ။**

(က) ဇေ၀ံ အဿ။

(ခ) ဣမ တည်၊ နာ သက်၊ အနိမိ နာမှိ စ– ဖြင့် ဣမ- ကို အန- ပြု၊ အတော နေန-ဖြင့် နာ- ကို ဧန- ပြု၊ ခွင်း၊ ချေ၊ ကပ်၊ အနေန- ပြီး၏။

(ဂ) အသ ဓာတ်၊ အ- ပစ္စည်း၊ သိ ဝိဘတ်၊

(ဃ) သံ ရှေးရှိသော ဓာ ဓာတ်၊ ဣ ပစ္စည်း။

**ဂိုဏ်းစဉ်–**

ပထမာ- ကုသလံ၊ ကုသလာ, ကုသလာနိ။

ဒုတိယာ- ကုသလံ၊ ကုသလေ, ကုသလာနိ။

တတိယာ- ကုသလေန၊ ကုသလေဟိ, ဘိ။

**၁၇။အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ်၊ (ခ)ကို သန္ဓိရုပ်, နာမ်ရုပ်၊ (ဂ)ကို ဓာတ်+ ပစ္စည်း+ ဝိဘတ် ခွဲပြပါ။**

**(က) ယမေဒန္တသာဒေသော၊ (ခ) သကော၊ (ဂ) ဣစ္ဆတော၊ ဘိက္ခူ။**

(က) ယံ+ဧ+ အန္တဿ+ အာဒေသော။

(ခ) **သန္ဓိရုပ်**- သယေ တည်၊ ကော ယဿ- ဟူသော သုတ္တဝိဘာဂဖြင့် ယ- ကို က- ပြု၊ သကေ-- ပြီး၏။

**နာမ်ရုပ်–** အတ္တ တည်၊ ဒု ယောသက်၊ အတ္တန္တော ဟိသ္မိမနတ္တံ- ၌ အနတ္တသဒ္ဒါပိုဖြင့် အတ္တ- ကို သက-ပြု၊ သဗ္ဗယောနိနမာဧ- ဖြင့် ဒု ယော- ကို ဧ- ပြု၊ ခွင်း၊ ချေ၊ ကပ်၊ သကေ-ပြီး၏။

(ဂ) **ဣစ္ဆတော–** ယဇ ဓာတ်၊ ယ ပစ္စည်း၊တေဝိဘတ်။

**ဘိက္ခူ–** ဘိက္ခ ဓာတ်၊ ရူ ပစ္စည်း၊ သိ ဝိဘတ်၊

**၁၈။ အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ပုဒ်စပ်၊ (ဂ)ကို နာမ်ရုပ် အကျဉ်း နှစ်မျိုး၊ (ဃ)ကို ဓာတ်+ ဝိဘတ် ဝေဖန်ပြပါ။**

**(က) ဒွါဓိဋ္ဌိတံ၊ (ခ) ပ◌ါတ+ အာသော၊ (ဂ) အဿ၊ (ဃ) သိဗ္ဗတိ။**

(က) ဒု+ အဓိဋ္ဌိတံ။ (ခ) ပါတရာသော။

(ဂ) တ တည်၊ သ သက်၊ သဿွာသိမ္ဘသံသာသွတ္တံ- ဖြင့် တ- ကို အ-ပြု၊ သ-လာ၊ အဿ- ပြီး၏။

**(တစ်နည်း)** ဣမ တည်၊ သ သက်၊ ဣမသဒ္ဒဿ စ- ဖြင့် ဣမ- ကို အ- ပြု၊ သ- လာ၊ အဿ-ပြီး၏။

(ဃ) သိဝု ဓာတ်၊ တိ ဝိဘတ်။

**၁၉။ ကမ္မသဒ္ဒါနောင် သိ်- ဝိဘတ်ဖြင့် ပြီးနိုင်သော ပြယုဂ်တို့ကို ဖော်ပြ၍၊ သကော- ကိုလည်း သုဒ္ဓနာမ်၊ သဗ္ဗနာမ် နှစ်မျိုးကြံ၍ နာမ်ရုပ်ကျဉ်း တွက်ပြပါ။**

ကမ္မသ္မိံ ကမ္မမှိ, ကမ္မ, ကမ္မနိ။

**သုဒ္ဓနာမ်**- အတ္တ တည်၊ သိ သက်၊ အတ္တန္တော ဟိသ္မိမနတ္တံ-၌ အနတ္တံ ဟူသော ဘာဝနိဒ္ဒေသဖြင့် အတ္တ- ကို သက-ပြု၊ သော- သုတ်ဖြင့် သိ- ကို ဩ-ပြု၊ ခွင်း၊ ချေ၊ ကပ်၊ သကော ပြီး၏။

**သဗ္ဗနာမ်**- တ တည်၊ သိ သက်၊ ဧတေတေသံ တော- ဖြင့် တ- ကို သ-ပြု၊ သဗ္ဗတော ကော- ဖြင့် က- လာ၊ သော- သုတ်ဖြင့် သိ- ကို ဩ- ပြု၊ ခွင်း၊ ချေ၊ ကပ်၊ သကော ပြီး၏။

**၂၀။ယုဝ-သဒ္ဒါကိုလည်း သတ္တမီဝိဘတ်ဖြင့် နာမပဒမာလာ စဉ်ပြ၍ ဋ္ဌီယတိ- ကိုလည်း အာချာတ်ရုပ်ကျဉ်းတွက်ပြ၍ သုခကာရိ ဒါန်- ၌ သုခကာရိ- ကိုလည်း နာမ်ရုပ် အကျဉ်းမျှ စီရင်ပြခဲ့ပါ။**

**နာမပဒမာလာ**

ယုဝသ္မိံ, ယုဝမှိ, ယုဝေ, ယုဝါနသ္မိံ, ယုဝါနမှိ, ယုဝါနေ၊

ယုဝေသု, ယုဝါသု, ယုဝါနေသု။

**အာချာတ်ရုပ်**- ဌာ တည်၊ ဌာ ဂတိနိဝတ္တိမှိ၊ ဓာတ်အမည်မှည့်၊ ဓာတွန်မချေစေရ၊ တေ ဝိဘတ်သက်၊ ဘာဝကမ္မေသု ယော-ဖြင့် ယ-ပစ္စည်း သက်၊ယမှိ ဒါဓာ- စသော သုတ်ဖြင့် ဌာ-၏ အဆုံး အာ-ကို ဤ-ပြု၊ အတ္တနောပဒါနိ ပရဿပဒတ္တံ-ဖြင့် ပရဿပုဒ် တိ- ပြန်၊ ဋ္ဌီယတိ- ပြီး၏။

**နာမ်ရုပ်**- သုခကာရီ တည်၊ သိ သက်၊ စျမှည့်၊ အဃော ရဿ- စသော သုတ်ဖြင့် ရဿ- ပြု၊ သိ ချေ၊ ပြီး၏။

**၂၁။အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ်၍၊ (ခ)ကို နာမ်ရုပ်တွက်ပြခဲ့ပါ။**

**(က) တမဟံ၊ အစ္ဆတဂ္ဂေ၊ မနုညံ၊ သွာလယော၊ ဗျဂ္ဂံ။ (ခ) နဇ္ဇော။**

(က) **တမဟံ–**တံ+အဟံ၊ **အစ္ဆတဂ္ဂေ–** အစ္ဆ+အဂ္ဂေ၊

**မနုညံ–** မနော+အညံ ၊ **သွာလယော**- သု+အာလယော၊ **ဗျဂ္ဂံ**- ဝိ+အဂ္ဂံ။

(ခ) နဒီ တည်၊ ယော_သက်၊ (နဒီ+ယော)၊ မာတုလာဒီနမာနတ္တမီကာရေ သုတ်၌ အာနတ္တသဒ္ဒါပိုဖြင့် ယော နှင့်တကွ နဒီ-၏ ဒီ ကို ဇ္ဇော-ပြု၊ နဇ္ဇောပြီး၏။

**၂၂။ (က) တေံ+အဝေါစကို ပုဒ်စပ်၊ (ခ) ဝိဒူနဂ္ဂံ ကို ပုဒ်ဖြတ်၊ (ဂ) 'မေ'ကို တတိယာဝိဘတ် ဖြင့် နာမ်ရုပ်တွက်၊ (ဃ) ဗုဒ္ဓေါ..၏ ဓာတု, ပစ္စယတို့ကို ဖော်ပြ ဖြေဆိုပါ။**

(က) တေဒဝေါစ၊ (ခ) ဝိဒူနံ+အဂ္ဂံ၊

(ဂ) အမှ..တည်၊ နာ.သက်၊ ဝါ တတိယေ စ-ဖြင့် ဝိဘတ်နှင့်တကွ အမှ ကို မေ- ပြု၊ ပြီး၏၊

(ဃ) ဗုဓ.ဓာတ်+တ-ပစ္စည်း။

**၂၃။အောက်ဖော်ပြပါတို့တွင် (က) ကို ပုဒ်ဖြတ်၊ (ခ) ကို ပုဒ်စပ်၊ (ဂ) ကို ဓာတ်, ဝိဘတ်၊(ဃ) ကို ဓာတ်, ပစ္စည်း၊(င) ကို သန္ဓိရုပ်ကျဉ်းတွက်ပြပါ။**

**(က) သမ္မာဒဿာ ဝိမုတ္တာနံ၊ (ခ) ယာ၀စ ဣခ၊ (ဂ) အတ္ထ၊**

**(ဃ) နာယကော၊ (င) အတြဇော။**

(က) သမ္မာ+အညာ ဝိမုတ္တာနံ၊ (ခ) ယာ၀ဥ္စိခ၊

(ဂ) အသ-ဓာတ်+ထ ဝိဘတ်၊ (ဃ) နီ-ဓာတ်+ ဏုပစ္စည်း။

(င) အတ္တဇော- တည်၊ တြော တ္တသ ဟူသော သုတ္တဝိဘာဂဖြင့် တ္တ-ကို တြ-ပြု၊ အတြဇော-ပြီး။၏။

**၂၄။ အောက်ပါ (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ပုဒ်စပ်၊ (ဂ)ကို အာချာတ်ရုပ်ကျဉ်း တွက်ပြပါ။**

**(က) ယဿိန္ဒြိယာနိ၊ သမထင်္ဂတာနိ၊**

**(ခ) စတ္တာရောဲ+ဣမေ၊ ဝ ါ+ဣတိ၊ (ဂ) ဃာဋ္ဌေတိ။**

(က) ယဿိန္ဒြိယာနိ-ယဿ+ဣန္ဒြိယာနိ၊

သမထင်္ဂတာနိ- သမထံ+ဂတာနိ။

(ခ) စတ္တာရောမေ၊ ဝေတိ၊

(ဂ) ဃဋ္ဋ-တည်၊ ဃဋ္ဋ- ဉ်ပြဟာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန်အ-ကိုချေ၊ ဓာတူဟိ- စသောသုတ်ဖြင့် ဏေပစ္စည်းသက်၍ ကာရိတ်လည်း အမည်မှည့်၊ ကာရိတာန်

ဏော လောပံဖြင့် ဏာအနုဗန်ကိုချေ၊ ဃဋ္ဌာဒီနံ ဝါ သုတ်ဖြင့် ဃ ၏ အ-ကို အာ ဝုဒ္ဓိပြု၊ ဃာဋေ-ဟူသော ဓာတုပစ္စယန္တကား ပြီး၏၊ ဝတ္တမာနာပစ္စုပန္နေဖြင့် ဃာဋေ-ဟူသော ဓာတုပစ္စယန္တနောင် တိ-သက်၊ ဃာဋေတိ.ပြီး၏။

**၂၅။ အောက်ပါတို့တွင် (က) ကို ပုဒ်ဖြတ်၍၊ (ခ) ကို ပုဒ်စပ်ပြီးလျှင်၊ (ဂ) ကို ဓာတ်,ပစ္စည်းတို့ ဖြင့် ဝေဖန်ပြပါ။**

**(က) တာသာဟံ၊ ပုပ္ဖုသာ။**

**(ခ) စိရံ+အာယတိ၊ စက္ခုံ+ဥဒပါဒိ။**

**(ဂ) နာယတိ။**

(က)တာသာဟံ- တာသံ+အဟံ၊ ပုပ္ဖုံသာ- ပုပ္ဖုံ+အဿာ၊

(ခ) စိရံနာယတိ၊ စက္ခုံ ဥဒပါဒိ၊ (ဂ) ဉာဓာတ်+နာပစ္စည်း။

**၂၆။အောက်ပါတို့တွင် (က)ကိုပုဒ်ဖြတ်၊ (ခ)ကို နာမ်ရုပ်အကျဉ်း၊ (ဂ)ကို ဓာတ်, ပစ္စည်း ဝေဘန်ပြပါ။**

**(က) တာသာဟံ၊ အန္ဝေတိ၊ (ခ)သတ္တိ၊ (ဂ) ဝုယှတိ။**

(က) တာသာဟံ- တာသံ+အဟံ၊ အန္ဝေတိ- အနု+ ဧတိ၊

(ခ) သန္တ-တည်၊ တတိယာဧဟုဝုစ် ဟိ- သက်၊ သွာဟိသ္မိံနံမှာဘိမှိ ဝါဖြင့် ဟိကို ဘိ-ပြု၊ သန္တသဒ္ဒဿ သော ဘေ ဗော စန္တေ-ဖြင့် သန္တ-ကို သ-ပြု၍ အဆုံး၌ ဗလည်းလာ၊ ဗ ကို ဘိ သို့ကပ်၊ ပြီး၏။

(ဂ) ဝဟ ဓာတ်+ယ-ပစ္စည်း။

**၂၇။ဖော်ပြပါတို့ကို မှန်ကန်စွာ ဖြေဆိုပါ။**

**(က) သသီလကို ပုဒ်ဖြတ်၊**

**(ခ) မနောအညံ့ကို ပုဒ်စပ်၊**

**(ဂ) မနသိ.ကို နာမ်ရုပ်အကျဉ်း။**

**(ဃ) အတ္တိ ကို ဓာတ်+ ဝိဘတ်၊**

**(င) ဓမ္မော ကို ဓာတ်+ပစ္စည်း+သာဓနေ။**

(က) သော+သီလဝါ၊ (ခ) မနုညံ၊

(ဂ) မန-တည်၊ သွိမ် သက်၊ မနောဂဏာဒိတော သွိမ်နာနမိအာ-ဖြင့် သိ-ကို ဣ-ပြု၊ သသရေ ဝါဂမော-ဖြင့် သ လာ၊ မနသိ-ပြီး၏။

(ဃ)-အသ-ဓာတ်+တိ-ဝိဘတ်၊

(င) ဓရ ဓာတ်+ရမ္မပစ္စည်း၊ ကရဏသာဓနေ။

**၂၈။အောက်ဖော်ပြပါတို့တွင် (က) ကို ပုဒ်ဖြတ် (ခ)ကို သန္ဓိရုပ်ကျဉ်း (ဂ, ဃ, င)တို့ကို ဓာတ်, ပစ္စည်းဝိဘတ် ခွဲခြားပြခဲ့ပါ။**

**(က) သဒ္ဓိမေ (ခ) ပစေသတိ (ဂ) ဝီမံသတိ (ဃ) ဘဝတိ (င) ဂဏှာတိ။**

(က) သဒ္ဓါ+ဣမေ၊

(ခ) ဝိ+စေဿတိ-တည်၊ နိဂ္ဂဟိတဥ္စသုတ်၌ စ သဒ္ဒါဖြင့် ဝိ ကို ပ-ပြု၊ ပြီး၏။

(ဂ) မာန-ဓာတ်+သ-ပစ္စည်း+တိ ဝိဘတ်။

(ဃ) ဘူ-ဓာတ်+အ-ပစ္စည်း+တိ ဝိဘတ်။

(င) ဂဟ-ဓာတ်+ ဏှာ-ပစ္စည်း+တိ ဝိဘတ်။

**၂၉ ။ အတြဇော ကို သန္ဓိရုပ်၊ နာမ်ရုပ်တွက်ပြ၍၊ ဘဂဝန္တုသဒ္ဒါနောင် ပဥ္စမီ ကေဝုစ် ဝိဘတ်သက်၍ ပြီးနိုင်သော ရုပ်တို့ကိုလည်း ဖော်ပြပါ။**

**သန္ဓိရုပ်**-

အတ္တဇော-တည်၊ တြော တ္တဿ- ဟူသော သုတ္တဝိဘာဂဖြင့် တ္တ-ကို တြ- ပြု၊ အတြဇော..ပြီး၏။

**နာမ်ရုပ်**-

အတ္တဇ-တည်၊ သိ_သက်၊ သွာ နာ– သုတ်၌ တတော- သဒ္ဒါပိုဖြင့် အတ္တ၏ အဆုံး တ.ကို ရ-ပြု၊ သော- သုတ်ဖြင့် သိ-ကို ဩ-ပြု ဇ-ခွင်း,ချေ ကပ်၊ အတြဇော-ပြီး၏။

**ပြီးနိုင်သော ရုပ်**

ဘဂဝတာ, ဘဂဝန္တသ္မာ, ဘဂဝန္တာ, ဘဂဝန္တာ။

**၃၀။ တဿ ဘဝန္တိ ဝတ္တာရော –ဝါကျလာ တဿ၌ အဘယ်သုတ်ဖြင့် အဘယ်အနက်၌ အဘယ်ဝိဘတ်သက်ထားသည်ကို ဖော်ပြ၍၊ ပစာမိ–၌ ကတ္တားထည့်ပြပြီး (က) အကာသိ၊ (ခ) သတ္တာ–တို့ကိုလည်း ဓာတ်စသည်ဖြင့် ဝေဖန်ပြပါ။**

တဿ-၌ ဒုတိယာပဉ္စမီနဥ္စ-သုတ်ဖြင့် ဒုတိယာအနက်၌ ဆဋ္ဌီဝိဘတ်သက် ထားပါသည်။

**ကတ္တား** - အဟံ။

(က) ကရဓာတ်+ဩ-ပစ္စည်း+အဇ္ဇတနီ ဤ-ဝိဘတ်၊

(ခ) သာသ-ဓာတ်+ရတ္ထု-ပစ္စည်း+သိ-ဝိဘတ်၊

**၃၁။(က) ဂါဝသေ၊ ဃတေ စ- တို့ကို ပုဒ်ဖြတ်၊ (ခ) အရိယသစ္စာနံ+ဒဿနံ၊ ပတိဟညတိ- တို့ကို ပုဒ်စပ်၍၊ (ဂ) ကတံ တေ ပါပံ-၌ တေ-ကို နာမ်ရုပ်ကျဉ်း၊ (ဃ) ကတော မေ ကလျာဏော-၌ မေ-ကို ကာရကရုပ်ကျဉ်း၊ (င) အသိကို အာချာတ် ရုပ်ကျဉ်း အသီး အသီး တွက်ပြခဲ့ပါ။**

(က) ဂါဝ သေ = ဂေါ+ အာဝ + သေ၊

ဃတေ စ= ဃတော + ဧ+ စ။

(ခ) အရိယသစ္စာနဒဿနံ၊ ပဋိဟညတိ၊

(ဂ) တုမှ တည်၊ ကတ္တားအနက်၌ တတိယာဧကဝုစ် နာ-ဝိဘတ်သက်၊ ဝါ တတိယေစ ဖြင့် ဝိဘတ်နှင့်တကွ တုမှ ကို တေပြု၊ ပြီး၏။

(ဃ) အမှတည်၊ သည် ဟူ၍ အနက်ပေးသောကြောင့် ကတ္တားအနက်ကို အလိုရှိ ရကား ယော ကရောတိ သကတ္တာသုတ်ဖြင့် ကတ္တားအမည်မှည့်၊ ကတ္တရိစ -သုတ်ဖြင့် ကတ္တားအနက်၌ တတိယာဧကဝုစ် နာ-သက်၊ ဝါတတိယေစ-ဖြင့် ဝိဘတ်နှင့်တကွ အမှ-ကို မေပြုပြီး၏။

(င) အသ-တည်၊ အသ ဘုဝိ၊ ဓာတ်အမည်မှည့်၊ ဓာတွန် အ-ကိုချေ၊ ဝတ္တမာနာပစ္စုပ္ပန္နေဖြင့် သိ-သက်၊ (အသ+သိ)၊ ဘူဝါဒိတော အဖြင့် အ-ပစ္စည်း သက်၊ လောပဉ္စေတ္တ မကာရောဖြင့် အပစ္စည်းကိုချေ၊ သိမှိ စ ဖြင့် ဓာတွန် သ- ကိုချေ၊ အသိ-ပြီး၏။

**၃၂။အောက်ပါတို့ကို ညွှန်ကြားချက်နှင့်အညီ ဖြေဆိုခဲ့ပါ။**

**(က) ယထာဓေ ကို ပုဒ်စပ်၊ (ခ) တာသာဟံ-ကို ပုဒ်ဖြတ်၊ (ဂ) သွာဂတံ ကို နာမ်ရုပ်ကျဉ်းတွက်ပြ၍၊ (ဃ) အမှ-ကို ဓာတ်, ဝိဘတ်ဝေဘန်ပြပါ။**

(က) ယထေဝ၊

(ခ) တာသံ+အဟံ၊

(ဂ) သွာဂတံကို သု အာဂတံ ဟုတည်၊ သ-ခွင်း ဥ-ကြွင်း၊ လအမည်မှည့်၊ ယဝကာရာစဖြင့် လ-မည်သော ဥ-ကို ဝ-ပြု၊ ဝ အာ-သို့ကပ်၊ သ- ဝါ သို့ကပ်၊ သွာဂတံ-ပြီး၏။

(ဃ) အသ-ဓာတ်+မ-ဝိဘတ်၊

**၃၃။ပစေယျတိကို သန္ဓိရုပ်ကျဉ်းတွက်ပြ၍၊ သတ္တာ နော ဘဂဝါ အနုပ္ပတ္တော ဝယ် နော ကိုလည်း(ဝိဘတ်သက်မှန်စေလျှက်)နာမ်ရုပ်တွက်ပြပါ။**

ပစေယျတိ (ဖြေပြီး)

**နာမ်ရုပ်**

အမှတည်၊ တို့၏ ဟူ၍အနက်ပေးသောကြောင့် ဆဋ္ဌီဗဟုဝုစ် နံ ဝိဘတ်သက်၊ ပဒတော စသောသုတ်ဖြင့် ဝိဘတ်နှင့်တကွ အမှကို နော-ပြု၊ ပြီး။

**၃၄။ အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ပုဒ်စပ်၍၊ တုမှံ ဒီယေတေ ၌ တုမှံ ကို နာမ်ရုပ် ၊ ဒီယတေ ကို အာချာတ်ရုပ်အကျဉ်း စီရင်ပြပါ။**

**(က) သုဂတော၊ (ခ) တံ + ဥာနံ။**

(က) သုဂဒေါ၊ (ခ) တဉ္ဉာနံ ၊

**နာမ်ရုပ်** တုမှတည်၊ စတုတ္ထီ သ-သက်၊ သဿံ-သုတ်ဖြင့် သ-ကို အံပြု၊ မှ ခွင်း ချေကပ်၊ တုမှံ-ပြီး၏။

**အာချာတ်ရုပ်ကျဉ်း** ဒါ-တည်၊ ဒါ ဒါနေ၊ ဓာတ်အမည်မှည့်၊ ဓာတွန်မချေစေရ၊ ဝတ္တမာနာ ပစ္စုပ္ပန္နေ–ဖြင့် တေ သက်၊ ဘာဝကမ္မေသု ယော-ဖြင့် ယ-သက်၊ ယမှိ ဒါဓာ စသောသုတ်ဖြင့် ဒါ ၏ အာ ကို ဤ-ပြု၊ ဒီယတေ-ပြီး၏။

**၃၅။အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ဖြစ်သင့်သမျှ နာမ်ရုပ်အကျဉ်း။ (ဂ)(ဃ)တို့ကို ဓာတ်, ပစ္စည်း ဝေဖန်ပြပါ။**

**(က) ဗျဂ္ဂံ၊ (ခ) တွံ၊ (ဂ) ရတိ၊ (ဃ)ဥပ္ပဇ္ဇ။**

(က) ဝိ+အဂ္ဂံ၊

(ခ) တုမှ-တည်၊ သိ-သက်၊ တွမဟံသိမှိစ-ဖြင့် ဝိဘတ်နှင့်တကွ တုမှ..ကို တွံ-ပြု၊

တစ်နည်း တုမှ-တည်၊ အံ-သက်၊ တုမှသဿ တုဝံတွမမိ ဖြင့် ဝိဘတ်နှင့်တကွ တုမှ–ကို တွံ ပြု၊ ပြီး၏။

(ဂ) ရမု ဓာတ်+ တိပစ္စည်း (ဃ) ဥ-ရှေ့ရှိသော ပဒ-ဓာတ်+တွာ-ပစ္စည်း။

**၃၆။အောက်ပါ (က)ကို ပုဒ်ဖြတ်၊ (ခ)ကို ပုဒ်စပ်၊ (ဂ) ကို ဓာတ်, ပစ္စည်း, ဝိဘတ်၊ (ဃ)ကို ဓာတ်, ပစ္စည်း၊ (င)ကို နာမ်ရုပ်အကျဉ်း တွက်ပြပါ။**

**(က) ရသဿတ္တံ၊ (ခ) ပတိဟညတိ၊**

**(ဂ) ပစ္စရေ၊(ဃ) အာဟစ္စ ၊ (င) တွယိ။**

(က) ရဿ+တ္တံ၊ (ခ) ပဋိဟညတိ၊

(ဂ) ပစ-ဓာတ်+ယ-ပစ္စည်း+အန္တေ ဝိဘတ်၊

(ဃ) အာ ပုဗ္ဗ ဟန ဓာတ်+တွာ-ပစ္စည်း။

(င) တုမှ တည်၊ သ္မိံ သက်၊ တုမှမှာကံ တယိမယိ ဖြင့် ဝိဘတ်နှင့်တကွ တုမှ ကို တယိ ပြု၊ တယာတယီနံ တကာရော တွတ္တံ ဝါ ဖြင့် တယိ ၏ တ-ကို တွ-ပြုပြီး၏။

**၃၇။အောက်ပါတို့တွင် (က)ကို ပုဒ်စပ်၊ (ခ)ကို ပုဒ်ဖြတ်၍၊ (ဂ)ကို သန္ဓိရုပ်အကျဉ်း၊ (ဃ)ကို နာမ်ရုပ်အကျဉ်း၊ (င) ကို အာချာတ်ရုပ်အကျဉ်း အသီးသီး တွက်ပြပါ။**

**(က) ယံ+ဧ+အန္တသ+အာဒေသော၊**

**(ခ) သကေ (ဂ) သဝေ၊ (ဃ) အတြဇော၊**

**(င) လဗ္ဘတေ။**

(က) ယမေဒန္တဿာဒေသော၊ (ခ) သယေ၊

(ဂ) သော+ဝေ တည်၊ သ-ခွင်း ဩ-ကြွင်း၊ လောပဥ္စ တတြာကာရော-ဖြင့် ဩ-ကို ချေ၍ ထိုကျေရာ၌ အ လာ၊ သ, အ သို့ကပ်၊ သဝေ-ပြီး၏။

(ဃ) ဖြေပြီး။

(င) လဘ-တည်၊ လဘ-လာဘေ၊ ဓာတ်အမည်မှည့်၊ ဓာတွန် အ ကိုချေ၊ ဝတ္တမာနာပစ္စုပ္ပန္နေဖြင့် တေ သက်၊ ဘာဝကမ္မေသု ယော-ဖြင့် ယ သက်၊ (လဘ+ယ+တေ)၊ ပုဗ္ဗရူပဥ္စ-ဖြင့် ယ ကို ပုဗ္ဗရုပ် ဘ ပြု၊ ကွစိ ဓာတု-စသော သုတ်ကြီးဖြင့် ဓာတွန် ဘ ကို ဗ-ပြု၊ ကပ်၊ လဗ္ဘတေ ပြီး၏။

**၃၈။အောက်ပါတို့တွင် (က)ကို နာမ်ရုပ်၊ (ခ)ကို အာချာတ်ရုပ်တွက်ပြ၍၊ (ဂ)ကို ဓာတ်,ပစ္စည်း, ဝိဘတ်ခွဲပြပါ။**

**(က) သခ်ီရေဟိ၊ (ခ) အဝေါစုံ၊ (ဂ) ဝုလှတေ။**

(က) သခ်ီရတည်၊ ဟိ-သက်၊ ရ-ခွင်း အ-ကြွင်း၊ သုဟိသုကာရော ဧ-ဖြင့် ရှေ့အ- ကို ဧ-ပြု၊ ကပ်၊ သခ်ီရေဟိ ပြီး၏။

(ခ) ဝစ-တည်၊ ဝစ ဝိယတ္တိယံ ဝါစာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန် အ ကိုချေ၊ သမီပေဇ္ဇတနီ-ဖြင့် ဦ-သက်၊ ဝစဿဇ္ဇတိနိမှိ မကာရော ဩ ဖြင့် ဝ ၏

အကို သြပြု အကာရာ ဂမော စသောသုတ်ဖြင့် အစ၌ အ လာ၊ ဝ, ဥ္-သို့ကပ်၊ အဝေါစုံ-ပြီး၏။

(ဂ) ဝဟ-ဓာတ်+ယ-ပစ္စည်း+တေ ဝိဘတ်။

**၃၉။ဝတ္တရိ ကို နာမ်ရုပ်ကျဉ်းတွက်၍၊ ဥပရျာဓိကိဿရ ဝစနေ၊ ဟောတိဿရေ ဟောဟေ တို့ကို ပုဒ်ဖြတ်ပြီးလျှင်၊ ဣစ္ဆတေ၊ ပရိက္ခာရော တို့ကို ဓာတ်, ပစ္စည်း ခွဲပြပါ။**

ဝတ္တု- တည်၊ သို့ သက်၊ တ္တု-ခွင်း၊ ဥ-ကြွင်း၊ အညေသွာရတ္တံ-ဖြင့် ဥ-ကို အာရ-ပြု၊ တတော သို့မိ ဖြင့် သို့ကို ဣ-ပြု၊ အာရော ရဿမိကာရေဖြင့် အာရ၏ အာ..ကိုရဿပြု၊ တ, အ သို့ကပ်၊ ရ-ခွင်းချေကပ်၊ ဝတ္တရိ-ပြီး။

**ဥပရျာဓိကိဿရဝစနေ–** ဥပ+အဓိ+အဓိက+ဣဿရဝစနေ။

**ဟောတိဿရေဟောဟေ–** ဟောတိ+သရော+ဧဟ+သြဟ+ဧ ။

**ဣစ္ဆတေ–** ဣသု-ဓာတ်+ယ-ပစ္စည်း၊

**ပရိက္ခာရော–** ပရိ-ပုဗ္ဗ ကရ-ဓာတ်+ ဏ-ပစ္စည်း။

**အရှင်တိလောကာဘိဝံသ(အင်းစိန်)၊ အစိုးရပထမပြန် အမေး, ဖြေ စာအုပ်များမှ စုစည်းရေးသားထားပါသည်။**

**အရှင်ပညာသီဟ (ဝမ်းတွင်း)**